## Fifth Sunday in Ordinary Time

**1st READING:** ***Isaiah 58: 7-10***

ဟေရှာယအနာဂတ္တိကျမ်း ၅၈း ၇–၁၀

မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲ သောသူတို့ကို ကိုယ်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသော သူကိုမြင်လျှင်၊ အဝတ်ကိုပေးခြင်း၊ ကိုယ်အသားကိုမရှောင် ဘဲနေခြင်းမဟုတ်လော။ သို့ပြုလျှင်သင်၏အလင်းသည် မိုဃ်းသောက်သော အလင်းကဲ့သို့ပေါ်ထွန်း၍၊ အလျင်အမြန်ကျန်းမာခြင်း သို့ ရောက်လိမ့်မည်။ သင်၏ဖြောင့်မတ်ခြင်း၊ ပါရမီသည် သင်ရှေ့၌သွား၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် နောက်၌ လုံခြုံစေလိမ့်မည်။ သို့ပြုလျှင်၊ ထာဝရဘုရားသည်၊ သင်ခေါ်သောအခါ ထူးတော်မူလိမ့်မည်။ အော်ဟစ်သောအခါ၊ ငါရှိသည်ဟု မိန့်တော်မူလိမ့်မည်။ သင်သည်သင်၏အထဲက ထမ်းဘိုးကို၎င်း၊ လက်ညှိုးထိုးခြင်းကို၎င်း၊ ကဲ့ရဲ့သောစကား ကို၎င်း ပယ်ရှား၍၊ မွတ်သိပ်သောသူနှင့် ဆင်းရဲခံရသောသူကို သနားသောစိတ်နှင့် ချမ်းသာပေးလျှင်၊ မရှင်းလင်း သော အရာမှာသင်၏အလင်းသည်ပေါ်ထွန်း၍၊ သင်၏မှောင်မိုက်သည် မွန်းတည့်အလင်းကဲ့သို့ ဖြစ်လိမ့်မည်။

**Responsorial Psalm  Psalm  112:4-5, 6-7, 8-9**
ဆာလံကျမ်း   ၁၁၂း ၄–၅၊ ၆–၇၊ ၈–၉

၄–၅။ ဖြောင့်မတ်သောသူအတွက် မှောင်မိုက်ထဲတွင် အလင်းပေါ်ထွန်း၏။ သူသည် သနားကြင်နာ၍
ကရုဏာနှင့်တရားမျှတခြင်းရှိသော သူဖြစ်၏။ ရက်ရောစွာ ချေးငှါး၍၊မိမိလုပ်ငန်းဆောင် တာတို့တွင်
တရားသဖြင့်ပြုသောသူသည် အစစအရာ ရာ၌ အောင်မြင်လိမ့်မည်။

၆–၇။ ဖြောင့်မတ်သော သူသည် မည်သည့် အခါမျှ တုန်လှုပ် ချောက်ခြားလိမ့်မည် မဟုတ်။ လူတို့သည်
သူ့ကိုအစဉ် သတိရအောက်မေ့ ကြလိမ့်မည်။ သူသည် မကောင်းသတင်းများကို ကြောက်ရွံ့ခြင်းမရှိ။
သူ၏စိတ်နှလုံးသည်တည်ကြည် ခိုင်မာ၍၊ ထာဝရဘုရားကို ယုံကြည်ကိုးစား၏။

၈–၉။ ခိုင်မာ၍၊ထာဝရဘုရားကိုယုံကြည်ကိုးစား၏။သူ၏စိတ်နှလုံးသည်တည်ကြည်၍၊ကြောက်ရွံ့ ခြင်း
နှင့်လည်းကင်းသောကြောင့် သူ၏ ရန်သူတို့ အရေးနိမ့် သည်ကို သူမြင်ရလိမ့်မည်။ သူသည်
ရက်ရောစွာ စွန့်ကြဲတတ်၍၊ဆင်းရဲနွမ်းပါးသူတို့ကိုပေးကမ်းတတ်၏။ သူ၏ ဖြောင့်မတ်ခြင်းသည်
အစဉ်အမြဲတည်၏။ သူ၏ဦးချိုသည် ဂုဏ်ပြုချီးမြှောက်ခြင်း ခံရလိမ့်မည်။

**2nd READING: 1 Corinthians 2:1-5**
ကော်ရင့်သုသြဝါဒပထမစာစောင် ၂း ၁–၅

ညီအစ်ကိုတို့ ငါသည် သင်တို့ထံသို့လာခဲ့စဉ်က ဘုရားသခင်၏ နက်နဲရာကိုမြင့်မား ထည်ဝါသော စကားများဖြင့်လည်းကောင်း၊ ဉာဏ်ပညာအမြော်အ မြင်ဖြင့်လည်းကောင်း၊ ကြေငြာလျက်လာခဲ့သည် မဟုတ်ပေ။ အကြောင်းမူကား၊ ခရစ်တော်ယေရှု၊ တည်းဟူသော လက်ဝါးကပ်တိုင်တင်ခံရသောကိုယ်တော်ရှင်မှတပါးအခြား မည်သည့်အရာကိုမျှ သိရန် မလိုဟုငါဆုံးဖြတ်ခဲ့သည်။ အားနည်းခြင်း၊ လွန်စွာကြောက်ရွံ့တုန်လှုပ်ခြင်းတို့၌ ငါသည် သင်တို့ထံ သို့ရောက်လာခဲ့သည်။ ငါ၏မိန့်ခွန်းနှင့်ဟောပြောခြင်းတို့သည်လည်းဉာဏ်ပညာနှင့်ပြည့်ဝသည့်စကားများမဟုတ်ပဲ၊ ဘုရားသခင်၏ ဝိညာဉ်တော်နှင့်တန်ခိုးတော်တို့ကို ဖေါ်ပြခြင်းသာဖြစ်သည်။ ဤနည်းအားဖြင့် သင်တို့၏ ယုံကြည်ခြင်းသည်လူ တို့၏ဉာဏ်ပညာအပေါ်တည်မနေဘဲ၊ဘုရားသခင်၏တန်ခိုးတော် အပေါ်၌သာတည်နေစေရန်ဖြစ်သည်။

## **GOSPEL:** ***Matthew 5:13-16***

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၅း ၁၃–၁၆

သင်တို့သည်လောက၏ ဆားဖြစ်ကြ၏ ။ဆားမူကားအငန်ဓာတ်ကင်းပျောက်ခဲ့လျှင်ငန်သောအရသာကိုမည်သို့ပြန်လည်ရရှိနိုင်မည်နည်း၊ယင်းသည်မည်သို့မျှအသုံးမဝင်တော့ဘဲအပြင်သို့ပစ်လိုက်၍လူတို့ခြေဖြင့်နင်းချေခံရရုံသာရှိပေမည်။သင်တို့သည်လောက၏ အလင်းဖြစ်ကြ၏ ။တောင်ပေါ်တွင်တည်ထားသောမြို့ကိုဖုံးကွယ်ထား၍မရနိုင်။ဆီမီးကိုထွန်း၍တောင်းဇလားအောက်၌ထားလေ့မရှိကြ။အိမ်သူအိမ်သားအားလုံးအတွက်အလင်းရစေခြင်းငှာဆီမီးခုံပေါ်မှာတင်ထားလေ့ရှိကြ၏ ။ဤနည်းတူပင်လူတို့သည်သင်တို့၏ကောင်းသောအကျင့်များကိုမြင်ကြ၍ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဖ၏ ဘုန်းဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ၊သင်တို့၏ အလင်းကိုလူတို့ရှေ့မှာထွန်းလင်းစေကြလော့။